ပုံစံ (၁၁)

# နုံသမာဓိကောင်စီ

## နုံအဖွဲ့၏ ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃ (စ) }

## နုံအဖွဲ့

၂၀၂၂ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် (၃၁/၂၀၂၂)

| | |
|---|---|
| Mr. Zhang Bang (အလုပ်ရှင်)<br>Sunshine Milestone Construction Services Co.,Ltd<br>(ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်း)<br>ဦးစောစိန်အောင် (ခ) သီဟဇော် (General Manager)<br>(အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ)<br>အမှတ် (၁၂၅)၊ ဆိပ်ကမ်းသာလမ်း၊ စက်မှုဇုန် (၇)၊<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးဇော်ညွန့်ဦး (ယာဉ်မောင်း/ အလုပ်သမား)<br>မန်းဘခိုင်လမ်း၊ အမှတ် (၁၉) ရပ်ကွက်၊ (၁၂၅)<br>လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန် (၇)၊ ဆိပ်ကမ်းသာလမ်း၊ အမှတ် (၁၂၅) ရှိ Sunshine Milestone Construction Services Co.,Ltd (ဖျော်စပ်ထုတ်လုပ်ခြင်းလုပ်ငန်း) Mr. Zhang Bang (အလုပ်ရှင်) ၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးစောစိန်အောင် (ခ) သီဟဇော် (General Manager) နှင့် အလုပ်သမား ဦးဇော်ညွန့်ဦး ပါ (ယာဉ်မောင်း) (၂) ဦးတို့အကြား ဖြစ်ပွားခဲ့သော အငြင်းပွားမှုကို လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေ

ရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၂။ ဤခုံသမာဓိအဖွဲ့က တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲခဲ့ပြီး ဆုံးဖြတ်ခဲ့ပါသည်။

**ကောက်ချက်** ။ တောင်းဆိုသူ အလုပ်သမား ဦးဇော်တိက ပါ(၂) ဦးအား အလုပ်ရပ်စဲမှု နစ်နာကြေးပေးရန် သင့်/ မသင့်။

**ဆုံးဖြတ်ချက်** ။ (က) တောင်းဆိုသူ အလုပ်သမား ဦးဇော်ညွန့်ဦး (ယာဉ်မောင်း) အား ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ (၇) ရက်အတွင်း မူလရာထူး၊ မူလလစာ၊ မူလနေရာ၊ မူလလုပ်သက်မပြတ်စေဘဲ အလုပ်ပြန်လည်ခန့်ထားရန်နှင့် ကြားကာလနစ်နာကြေးငွေ ကျပ် ၁၉၂,၀၀၀/-ထုတ်ပေးရန် ဆုံးဖြတ်သည်။

(ခ) တောင်းဆိုသူ အလုပ်သမား ဦးဇော်တိက (ယာဉ်မောင်း) သည် မိမိဆန္ဒအရ နုတ်ထွက်သွားသဖြင့် နစ်နာကြေးပေးရန် မလိုကြောင်းနှင့် အလုပ်ပြန်လည်ခန့်ထားရန်မလိုကြောင်း ဆုံးဖြတ်သည်။

၃။ ဤအငြင်းပွားမှုအပေါ် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက် (က)နှင့်(ခ) ရှိသည့်အနက် ဆုံးဖြတ်ချက်(က)အပေါ် ကျေနပ်မှုမရှိ၍ အလုပ်ရှင်မှ အယူခံလျှောက်ထားတင်ပြခဲ့သည့်အတွက် အလုပ်သမားဝန်ကြီးဌာန၊ နိုင်ငံ့သမာဓိကောင်စီ၏ ၃၁-၈-၂၀၂၂ ရက်စွဲပါရုံးအမိန့်စာအမှတ် (၁၅၈/၂၀၂၂) ဖြင့် ခုံသမာဓိကောင်စီ၏ အမှုအမှတ် (၃၁/၂၀၂၂)အား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌ ဦးသောင်းစိန် (ဝန်ကြီးဌာနကိုယ်စားလှယ်)၊ အဖွဲ့ဝင် ဦးထွန်းအောင် (အလုပ်ရှင်ကိုယ်စားလှယ်) နှင့် အဖွဲ့ဝင် ဦးသိန်းကြွယ် (အလုပ်သမားကိုယ်စားလှယ်) တို့ပါဝင်သော ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၄။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် အမှုကို စစ်ဆေးရာတွင် ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၃ (က) အရ "သက်ဆိုင်ရာအငြင်းပွားသူများကို ကြားနာလိုက ကြားနာစစ်ဆေးခြင်း (သို့မဟုတ်) ကြားနာစစ်ဆေး ခြင်းမပြုဘဲ အငြင်းပွားမှုကို ဆုံးဖြတ်နိုင်သည်"ဟူသော ပြဋ္ဌာန်းချက်အရ COVID-19 ရောဂါ ထိန်းချုပ်ရေး၊ တားဆီးကာကွယ်ရေးကာလဖြစ်၍ COVID-19 ရောဂါ ကူးစက်မှုမဖြစ်စေရန် တားဆီးသည့်အနေဖြင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် သက်ဆိုင်ရာ အလုပ်ရှင်၊ အလုပ်သမားတို့ကို ခေါ်ယူစစ်ဆေးခြင်းမပြုဘဲ

အမှုအား ဆင်ခြင်တုံတရားဖြင့် ခိုင်မာသည့် သက်သေ၊ အခြေအနေ၊ အထောက်အထားအပေါ် ကောက်ယူစစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

၅။ ထို့ကြောင့် ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ဖော်ပြပါ အငြင်းပွားမှုအား စစ်ဆေးနိုင်ရေး အတွက် အလုပ်ရှင်၊ အလုပ်သမားတို့၏ ထွက်ဆိုချက်များ၊ တင်ပြလွှာများ၊ မြို့နယ်ရုံး၊ ခုံသမာဓိအဖွဲ့ရုံးများသို့ တင်သွင်းခဲ့သော သက်သေခံချက်များ၊ စာရွက်စာတမ်းများကို အသေးစိတ် လေ့လာခဲ့ကြပြီး အငြင်းပွားမှုကို မှန်ကန်မျှတစွာ စစ်ဆေးဆောင်ရွက်နိုင်ရေးအတွက် ခုံသမာဓိ ကောင်စီ၊ ခုံအဖွဲ့ဝင်တို့သည် လက်ရှိဖြစ်ပေါ်နေသည့် လူမှုဘဝအခြေအနေများ၊ လူနေမှုစရိတ်များ နှင့် သဘာဝကျစွာ ရှန်းကန်နေရသည်များကို လေ့လာ၍ မိမိတို့၏ အတွေ့အကြုံ၊ ဗဟုသုတများနှင့် ဥပဒေရေးရာအချက်အလက်များကို စုစည်းလျက် မျှတမှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးအတွက် ကာလ ကြာမြင့်နေသည့် အငြင်းပွားမှုကို အမြန်ဆုံး ပြီးပြတ်ပြေငြိမ်းမှုရရှိစေရေးအတွက် ၆-၉-၂၀၂၂ ရက်နေ့တွင် ရုံးထိုင်စစ်ဆေးဆုံးဖြတ်ခဲ့ပါသည်။

<u>အမှုဖြစ်စဉ်အကျဉ်းချုပ်</u>

၆။ ဤအငြင်းပွားမှုကို လေ့လာပါက အလုပ်ရှင်သည် တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သော အသင့်ဖျော်ပြီး ဘိလပ်မြေများကို သက်ဆိုင်ရာလုပ်ငန်းခွင်သို့ AG ကွန်ကရစ်အိုးကားများဖြင့် ဖြည့်တင်းပေးပို့သည့်လုပ်ငန်းဖြစ်ပါသည်။ ဤအမှုတွင် အလုပ်ရှင်နှင့် အငြင်းပွားမှုဖြစ်သော ယာဉ်မောင်း ဦးဇော်ညွန့်ဦးသည် လှည်းကူးလုပ်ငန်းခွင် မီးကြိုးတာဝါတိုင် တည်ဆောက်ရေးလုပ်ငန်းအတွက် ငှင်းမောင်းနှင်သည့် အသင့်ဖျော်ကွန်ကရစ်များကို ကားဖြင့် ပို့ဆောင်ခဲ့ရာတွင် ကျောက်ကားတစ်စီး လမ်းချော်ပြီး တိမ်းစောင်းနေသည့်အတွက် သွားလာ၍ မရကြောင်း ရုံးသို့ သတင်းပို့ခဲ့ပြီး ကွန်ကရစ်များကို ဘက်ဟိုးဖြင့်ကဲ့၍ လောင်းခဲ့ရ၍ (၄) နာရီခန့် ကြာမြင့်ခဲ့သဖြင့် ကွန်ကရစ်များ ပျက်စီးဆုံးရှုံးသွား၍ အလုပ်ရှင်မှ အရက်သောက်ထား၍ ဖြစ်သည်ဟု ယူဆပြီး ဆုံးရှုံးမှုဖြစ်သည့်အပေါ် ၂၇-၆-၂၀၂၂ ရက်နေ့တွင် အလုပ်မှရပ်စဲခဲ့၍ ဤအငြင်းပွားမှုဖြစ်ပွားခဲ့ပါ သည်။ အလားတူ ဦးဇောတိက (ယာဉ်မောင်း)သည်လည်း ၂၃-၆-၂၀၂၂ ရက်နေ့ လှည်းကူးတာဆုံ ဘက်တွင် တာဝါတိုင်ဆိုဒ်သွားသည့်အချိန် ယာဉ်တိမ်းစောင်းသွားသဖြင့် ကွန်ကရစ်ကို ဘက်ဟိုး ဖြင့် ပြန်ကဲ့ခဲ့ရပြီး ကားရပ်ထားခဲ့ရပြီး ညအိပ်စောင့်ရကြောင်း၊ ဦးဇောတိကသည် ယင်းဆိုဒ်သို့ ထပ်မသွားလိုတော့သဖြင့် ဦးဝေလင်းထွန်း (ရုံးထိုင်) နှင့် ဦးညီညီအောင် (စတို) တို့ထံ ကားသော့၊ ပိုးတက်နှင့် ဆီတိုင်ကီထောက်တိုင်အပ်နှံပြီး ၂၅-၆-၂၀၂၂ ရက်နေ့တွင် အဆင်မပြေအလုပ်ထွက်ပြီ ဟုပြောခဲ့ပြီးနောက် လှိုင်သာယာမြို့နယ်ညှိနှိုင်းဖျန်ဖြေ

ရေးအဖွဲ့သို့ ဝိုင်ကြားခဲ့ရာမှ (၃) ကြိမ်တိုင်တိုင် အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့ကို ညှိနှိုင်းဖြေရှင်းပေးခဲ့သော်လည်း ပြေလည် မှုမရ၍ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ထံသို့ လွှဲပြောင်းပေးပို့လာသော အငြင်းပွားမှုဖြစ်ပြီး အလုပ်ရှင်မှလည်း ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်(က)အပေါ် ကျေနပ်မှုမရှိ၍ ခုံသမာဓိကောင်စီသို့ ထပ်မံတင်ပြခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကောက်ချက် ။ ဦးဇော်ညွန့်ဦး (ယာဉ်မောင်း) အား အလုပ်ပြန်ခန့်ရန် သင့်/ မသင့်နှင့်အလုပ်ပြန်လည်ခန့်ထားခြင်းမပြုပါက အလုပ်ရပ်စဲမှုနစ်နာကြေးပေးရန် သင့်/မသင့်၊

<u>စစ်ဆေးတွေ့ရှိချက်</u>

၇။ ဦးဇော်တိက (ယာဉ်မောင်း)သည် ၁၂-၆-၂၀၂၀ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ၂၃-၆-၂၀၂၂ ရက်နေ့တွင် လှည်းကူးလုပ်ငန်းခွင် တာဝါတိုင်ဆောက်ရန် AG (ကွန်ကရစ်အိုး) ပို့ရသည့် လမ်းမကောင်းသဖြင့် လမ်းချော်ခြင်း၊ အခြားလုပ်ငန်းခွင်မှ (၆)ဘီးကျောက်ကားစောင်းသွား၍ လမ်းများပိတ်၍ AG (ကွန်ကရစ်အိုး)များ ကဲ့ထုတ်နေရမှုအပေါ် အလုပ်ရှင်မှ ကျေနပ်မှုမရှိ၍ အလုပ်မှရပ်စဲခဲ့ကြောင်း၊ ဦးဇော်ညွန့်ဦး (ယာဉ်မောင်း)သည် ၂၄-၁-၂၀၂၀ ရက်နေ့တွင် အလုပ်စတင်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး လှည်းကူးလုပ်ငန်းခွင်တွင် လုပ်ကိုင်ရပြီး ကားလမ်းမကောင်းသဖြင့် သွားလာမှုမရနိုင်၍ ကွန်ကရစ်များကို ဘက်ဟိုးဖြင့်ကဲ့ယူ၍ ဆောင်ရွက်ရကြောင်း၊ အလုပ်ရှင်အနေဖြင့် ၎င်းတို့၏ဆောင်ရွက်ချက်များကိုကျေနပ်မှုမရှိဘဲ အရက်သောက်စား လုပ်ကိုင်သည်ဟုယူဆ၍အလုပ်မှထုတ်ပယ်ခဲ့ခြင်းဖြစ်ပါကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

<u>သုံးသပ်ချက်</u>

၈။ ဤအငြင်းပွားမှုတွင် အလုပ်သမား ဦးဇော်ညွန့်ဦး မောင်းသည့် (ကွန်ကရစ်အိုး)ကား လမ်းချော်ပိတ်ဆို့ခြင်းအတွက် ဘက်ဟိုးဖြင့် ကွန်ကရစ်များကို ကဲ့ယူပြီး ဆောင်ရွက်ခဲ့ရခြင်းဖြစ်၍ အလုပ်ရှင်အနေဖြင့် ကွန်ကရစ်များ ဆုံးရှုံးမှုအပေါ် ယာဉ်မောင်းသည် အရက်သေစာသောက်စား မောင်းနှင်သည်ဟု ယူဆပြီး အလုပ်မှရပ်စဲခဲ့ခြင်းသာ ဖြစ်သည့်အတွက် အလုပ်ပြန်လည်ခန့်ထားသင့်ကြောင်း ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့မှ ဆုံးဖြတ်ချက်ချထားခဲ့ပါသည်။ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့အနေဖြင့် အဆိုပါ လုပ်ငန်းခွင်တွင် ဦးဇော်ညွန့်ဦးအား ပြန်လည်ခန့်ထားခဲ့ပါက အလုပ်ရှင်၊ အလုပ်သမား နှစ်ဦးနှစ်ဖက်တို့သည် လုပ်ငန်းခွင်ဆက်ဆံရေးပြေလည်စေခြင်းမရှိဘဲ မကြာခဏ အငြင်းပွားမှုများ ပေါ်ပေါက်စေနိုင်ကြောင်းနှင့် အပြစ်မရှိသဖြင့် အရက်သောက်စား မောင်းနှင်သည်ဟုယူဆပြီး အလုပ်မှ ရပ်စဲခဲ့ခြင်းသာဖြစ်သည်၊ ဥပဒေနှင့်အညီ နို့တစ်ပေးခြင်း၊ ခံစား

ခွင့်ပေးခြင်းမရှိသည့်အတွက် အန္တရာယ်များလှသော လုပ်ငန်းခွင်တွင် အလုပ်ရှင်၏ အသင့်မျှော်ပြီး ကွန်ကရစ်ကားကြီးများ တိမ်းမှောက်မှုများကို ရှောင်ရှားနိုင်စေရန်အတွက် ဦးဇော်ညွန့်ဦး (ယာဉ်မောင်း) အား မူလအလုပ်အကိုင်တွင် ပြန်လည်ခန့်ထားခြင်းမပြုတော့ဘဲ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော ခံစားခွင့်များ ပေးအပ်၍ အလုပ်ခွင်မှ ရပ်စဲမှုပြုခြင်းသည် နှစ်ဦးနှစ်ဖက်ကောင်းမွန်မည်ဟု သုံးသပ်ပါသည်။ ထို့အတူ ဦးဇေတိက မောင်းနှင်သည့် AG (ကွန်ကရစ်)ကားသည်လည်း လှည်းကူးလုပ်ငန်းခွင်ဆိုဒ်တွင် လမ်းမကောင်း၍ လမ်းချော်ပိတ်ဆို့ခြင်းများအတွက် လုပ်ငန်းအောင်မြင်စေရန် ဘက်ဟိုးဖြင့် ကွန်ကရစ်များကို ကုဲယူ၍ ဆောင်ရွက်ခဲ့ရကြောင်းနှင့် ဦးဇေတိကသည် ဦးဝေလင်းထွန်း (ရုံးထိုင်) နှင့် ဦးညီညီအောင် (စတို)တို့ထံ ကားသော့၊ ပိုးတက်၊ ဆီတိုင်ကို ထောက်တိုင်းအပ်နှံခဲ့ပြီး အလုပ်ထွက်မည်ဟုပြောကြား၍ ပြန်သွားခဲ့သည့်အတွက် ၎င်း၏ဆန္ဒအလျောက် နှုတ်ထွက်ခဲ့သည်မှာ ပေါ်လွင်နေသည့်အတွက် နစ်နာကြေးပေးရန် မလိုအပ်ကြောင်း သုံးသပ်ရရှိပါသည်။ ဦးဇော်ညွန့်ဦး နှင့်ပတ်သက်၍မူ အလုပ်ရှင်မှ အရက်သေစာသောက်စားမောင်းနှင်သည်ဟု ယူဆစွပ်စွဲပြီး အလုပ်မှရပ်စဲခဲ့ခြင်းသည် ဥပဒေနှင့်မညီညွတ်သည့်အတွက် တည်ဆဲအလုပ်ရပ်စဲမှုနစ်နာကြေးများကို လုပ်သက်အလိုက် တွက်ချက်ခံစားခွင့်ပြုသင့်ကြောင်း သုံးသပ်ပါသည်။ သို့ဖြစ်၍ ခုံသမာဓိကောင်စီ၊ ခုံအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်များကို အလုပ်သမား ရေးရာအငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေ ၂၃ (င) အရ ပယ်ဖျက်သင့်ကြောင်း သုံးသပ်၍ ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ် (၁)။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ၂၂-၈-၂၀၂၂ ရက်စွဲပါ အငြင်းပွားမှုအမှတ် (၃၇/၂၀၂၂) ပါ ဆုံးဖြတ်ချက်ကို ပယ်ဖျက်ပြီး အလုပ်ရပ်စဲမှုနစ်နာကြေးအား အောက်ပါဇယားအတိုင်း ထုတ်ပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | အလုပ်ဝင်ရက်စွဲ | လုပ်သက် | နှိုတစ်ကြေးတစ်လစာ | လုပ်သက်အလိုက်ခံစားခွင့်ငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|
| ၁။ | ဦးဇော်ညွန့်ဦး | ၂၄-၁-၂၀၂၀ | ၂နှစ်ကျော် | ၂၅၀,၀၀၀/- | ၂၅၀,၀၀၀/-×တစ်လခွဲစာ | ၆၂၅,၀၀၀/- |

ဤဆုံးဖြတ်ချက်သည် ချမှတ်သည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၉။ အထက်ပါဆုံးဖြတ်ချက်အရပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀အတွင်း ပေးရမည်။ ငွေပေးရန်ပျက်ကွက်လျှင် အဆိုပါငွေကို အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး နည်းဥပဒေ ၂၉ အရ မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့အရကောက်ခံရမည်။

ဦးထွန်းအောင်
အဖွဲ့ဝင်

ဦးသောင်းစိန်
ဥက္ကဋ္ဌ

ဦးသိန်းကြွယ်
အဖွဲ့ဝင်